ပြည်ထောင်စုနယ်မြေ ၊ နေပြည်တော်

ပုံချီကျေးရွာအုပ်စု၊ ပုံချီကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ပုံချီကျေးရွာ၊လယ်ဝေးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီပံ့ပိုးသည်

၂၀၂၄ခုနှစ် ၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၁
	ပုံချီကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ လယ်ဝေးမြို့နယ်	၂
	ပုံချီကျေးရွာ ကျေးရွာ ရာသီခွင်ပြပြကွဒိန် ၊ လယ်ဝေးမြို့နယ်	၃
	ပုံချီကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ ၊ လယ်ဝေးမြို့နယ်	၄
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၅
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၅
၃။	**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၅
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၅
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၆-၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇-၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၈
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၇။	**ပညာရေး**	၉
၈။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၉-၁၀
၉။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၀
၁၀။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၀
၁၁။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၁
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၂
	နောက်ဆက်တွဲ **(၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၂-၁၉
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ	၂၀-၂၂
	နောက်ဆက်တွဲ(၅)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း	၂၃-၂၅
	နောက်ဆက်တွဲ (၆) စီမံကိန်းအဆိုပြုလွှာ။	၂၆-၂၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစု ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံနှင့် သက်ဆိုင်ရာမြို့နယ် ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေး လမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်နေသော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက် မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


၂၀၂၄ခုနှစ် ၊ ဩဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ၊ ပုံချီကျေးရွာ ၊ လယ်ဝေးမြို့နယ်

J

လယ်ဝေးမြို့နယ် ၊ ပျံချီကျေးရွာအုပ်စု ၊ ပျံချီကျေးရွာ၏ သယံဇာတပြမြေပုံ





ပျံချီကျေးရွာရဲ့ဖြစ်ပြေပြေပုံ ကွေးကွေးဖြစ်ခဲ့ရတဲ့ အကြောင်းရင်းခံများ

ကျေးရွာရှေးပါစု → ပျံချီ

ကျေးရွာ → ပျံချီ

→ ပျံချီကျေးရွာတွင် ဘိန်းထောင်စုများ ဖြစ်ခဲ့ ၎င်း၅၁ စုခဲ့ပြီး ဗမာလူမျိုးများ၊ ဓမ္မကရေထိုင်ကြပြီး ကုန်သွယ်ရေးကို အဓိကထားကြပါသည်။


→ အဓိကအသက်မွေးဝမ်းကျောင်းနေဖြစ် လယ်ယာစိုက်ပျိုးရေးကို ဇုန်ဝင်ကြပြီး၊ လက်သမား၊ ပန်းရံ၊ နရောင်းဝယ် ကုန်ပန်းဆိုင်ရန် ဇုန်ဝင်သူများကပြားလည်း ရှိပါသည်။


→ ရွာတွင်လမ်းသည် ရိုးရာခေါ်လမ်းဖြစ်သောလည်း မိုးတွင်ကလေများတွင် လမ်းပန်းဆက်သွယ်ရေးမကောင်း၍ အခက်အခဲများ ပြုခဲ့သောလည်း ယခုအခါ ကွန်ကရစ်လမ်း သွားလာရ ပေါ်သည်။

→ ပျံချီကျေးရွာတွင် ပျံထုတ်မဟိုပြုစီမံကိန်းဖြင့် ၂၀၁၄ ခုနှစ်မှ စ၍ ဒေသခံပြည်သူများ လုပ်ကိုင်ဆောင် ရွက်ခဲ့ပါသည်။

→ ကျေးရွာ၏ ရှေးတလိုက်ပါအစွဲကိုများ ကျေးရွာတွင်လမ်းများ ရွှေမိုးဆောင်၊ တစ်ရှစ်ပဝတ်ဆုံး ကောင်းမွန်စွာသွား လာနိုင်ရေးအတွက် ကွင်ကရစ်ခင်းခြင်းလုပ်ပါး၊ ဆောင်ရွက်ဆုံ၊ ခိုက်ပျိုးရေးကိုရော နွေဦးလမ်း များ၊ နေ့ပဲဟိုင်း နွေဦးလမ်း ရှည်၍ မိသားစုဝင်တွေ တစ်နိုင်တစ်ပိုင် ကိုးကွက်လာစေရန် ဖြစ်ပါသည်။

လယ်ဝေးမြို့နယ်၊ ပုံချီကျေးရွာအုပ်စု၊ ပုံချီကျေးရွာ၏
ရာသီခွင်ပြ ပြက္ခဒိန်






ရာသီခွင်ပြ ပြက္ခဒိန် ကွေးကွေးဖြစ်ခြင်း၏ အကြောင်း

ကျေးရွာအုပ်စု - ပုံချီ

ကျေးရွာ - ပုံချီ

- ကျေးရွာသည် ရပ်ပိုရွာမှတ်သံရှာသီဥတုဒဏ်ခံနိုင်ရန် ထွန်ယက်ခြင်းလုပ်ငန်းများ မကောက်ခင်ကာလတွင် မိုးရွာသွန်းပေးနိုင်ရန် ဖေဖော်ဝါရီလ၌ မြေလှန်ထားသည့် ရာသီဥတုသာဓကပါသည်။
- သောက်သုံးရေ ကန်ကို ဖုန်မှုန့်ကိုင်ရန် ရပ်ရွာနေပြည်သူများ ပူးပေါင်းဖြေးမားသည့် လုပ်ငန်းတွင် ဒေသခံများ၏ နေ့ပြည်သင်္ကြန်မှုကိုပါသည်။
- မိုးစပါး၊ နွေစပါး ခိုက်ပျိုးခြင်းဖြင့် ကောလဟာလဖြစ် မတော်တဆမှုများ၊ သီးနှံများ ခိုက်ပျိုးကြပါသည်။
- မွေးမြူရေးဧရိယာဖြစ် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးပယ်ပြင်များ၊ ကြက်၊ ဘဲ တိုင်ကိုလည်း မွေးမြူကြပါသည်။
- တိရိစ္ဆာန် ရောဂါကျရောက်မှုနှုန်းဖြစ် ဝက်နှင့် ရောဂါနှုန်း ကြက်နှင့်ကျဖြစ်များ ရံဖန်ရံခါ ဖြစ်ပွားတတ်ပါသည်။
- ကျန်းမာရေးဧရိယာဖြစ် မိုးရာသီနှင့် ဆောင်းကာလများတွင် ရာသီတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ တစ်ခါတစ်ရံ ဖြစ်ပွားတတ်ပါသည်။
- ဧရပ်ကွင်းဧရိယာဖြစ် လယ်ယာခိုက်ပျိုးလုပ်ငန်းများ၊ မိုးရာသီတွင် မိုးကာလပြင်ကြောင့် ကျွဲ၊လများတွင် နွေစပါး၊ ပဲနှင့်မြေပဲသီးနှံများ ခိုက်ပျိုးကြပါသည်။ ထားသမျှ ပျံရံ၊ မြေဝင်ခွေရာ ကျပန်းပျံပင်ကိုင်သူများ ဤကြာ မိုးရာသီတွင် ဧရပ်ကွင်း နှုတ်ပါးကြပါသည်။
- ခိုက်ပျိုးရာတွင် ရာသီများတွင် ဝင်ငွေများပြားကြောင့် ကျန်းလများတွင် ဝင်ငွေနုတ်ပါးသည်။
- သဘာဝဘေးအန္တရာယ် မရှိပေ။ မိုးကာလများတွင် ရံဖန်ရံခါ မိုးသက်လေပြင်းကျခြင်း၊ မိုးကြိုးပစ်ခြင်းများ ကြုံတွေ့ရသည်။
- ရာသီဓလိုက် ကသာရေးပွဲများ၊ လျှော်ပွဲခွင်ပွဲများ ရှိပါသည်။

လယ်ဝေးမြို့နယ် ၊ ပျံချီကျေးရွာအုပ်စု ၊ ပျံချီကျေးရွာ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ



အဖွဲ့အစည်း ချိတ်ဆက်မှုပုံစံ ကွေးနွဲ့ခြင်းနှင့် ဆန်းစစ်ခြင်း

ကျေးရွာအုပ်စု - ပျံချီ

ကျေးရွာ - ပျံချီ

- ပျံချီကျေးရွာတွင် ရပ်ကျေးရွာအဖွဲ့ ၊ ရပ်မြို့ရပ်ကွက်အဖွဲ့ ၊ ကျေးရွာခရိုင်သာယာရေးအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ မိုး သတ်အဖွဲ့ ၊ ဂေါပကအဖွဲ့ များ ရှိပါသည်။
- ကျေးရွာပြင်ပအဖွဲ့ ဧရိယာ များ၏ ဌာန ဖြင့် ရပ်ကျေး/မြို့နယ်ထွေ/ကုပ် ၊ ကျေးရွာ ဖွဲ့ဖြိုး ရေးလုပ်ငန်းများ အတွက် ကျေးလက်ဖွံ့ဖြိုးမှုရန် ၊ မိုးသတ် ၊ ခရိုင်သာယာရေး ၊ ကျန်းမာရေး ၊ ခရိုင်သာယာရေး အဖွဲ့ များ ဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။
- ကျေးရွာတွင်းအဖွဲ့ များတွင် ရပ်မြို့ရပ်ကွက်အဖွဲ့သည် အမိဘဏ်းကောင်းသော အဖွဲ့ဖြစ်ပြီး ကျေးရွာ၏ ဘက်ခဲ့ကဏ္ဍခဲ့ တွင် ပူးပေါင်း ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။
- ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်း များ အတွက် ဖြို့နယ်ကျေးလက်ဖွံ့ဖြိုးမှုရန် ဖြင့် ချိတ်ဆက်ဆောင်ရွက်ရပြီး ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကျေးရွာဗဟိုဖြစ်မြောက်အောင် ပြင်ဆင်ပေးခဲ့ပြီး ကျေးရွာအတွက် လိုအပ်သည့် ကဏ္ဍများ ဆောင်ရွက်ပေးခဲ့ပါသည်။

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပုံချီကျေးရွာသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၊ လယ်ဝေးခရိုင် ၊ လယ်ဝေးမြို့နယ်၏ အရှေ့တောင်ဘက် ပျဉ်းမနား-လယ်ဝေး မြို့ရှောင်လမ်းမကြီးဘေးတွင် တည်ရှိသည့် ကျေးရွာတစ်ရွာ လည်းဖြစ်ပါသည်။ အရှေ့လောင်ဂျီကျေး ၉၆ ဒီဂရီ ၂၅ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် အကြားတွင်တည်ရှိပြီး ကျေးရွာ၏အရှေ့ဘက်တွင် ဇီးဖြူတန်းကျေးရွာ၊ အနောက်ဘက်တွင် ရန်ကင်း ကျေးရွာနှင့် တောင်ဘက်တွင် ကြာအင်းကျေးရွာတို့ တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လယ်ဝေးမြို့နယ် ၊ ပုံချီကျေးရွာ၏ ရွာသီဥတုမှာ ယေဘုယျအားဖြင့် အပူပိုင်း မုတ်သုံရာသီ ဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ(၄၀)ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ(၂၂)ဒီဂရီစင်တီဂရိတ် ရှိပါသည်။ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန်မှာ (၇၀)လက်မခန့်ရှိပြီး မိုးအများဆုံး ရွာသွန်းသောကာလမှာ ဝါဆိုလနှင့် ဝါခေါင်လတို့ ဖြစ်ပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

လယ်ဝေးမြို့နယ် ၊ ပုံချီကျေးရွာတွင် အိမ်ထောင်စု (၃၂၆)စုရှိပြီး ကျား (၅၉၇)ဦး ၊ မ(၆၄၅)ဦး၊ စုစုပေါင်း လူဦးရေ (၁၂၄၂)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးခန့် နေထိုင်လျက် ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေမှာ ကျေးရွာရှိလူဦးရေ၏ (၇၀%)ဖြစ်ပြီး လုပ်သား အင်အားရရှိမှုလည်းများပါသည်။ ကျပန်းလုပ်သားပေါများပြီး လုပ်ကိုင်ဆောင်ရွက်နိုင်သူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုအတတ်ပညာနှင့် နည်းပညာထောက်ပံ့ပေးခြင်း၊ တစ်နိုင် တပိုင်လုပ်ငန်းများ ထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်း များစွာရှိပါသည်။ ကျေးရွာရှိ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသားလူဦးရေထက် အမျိုးသမီး လူဦးရေ၏ ရာခိုင်နှုန်းမှာ ပိုမိုများပြားပါသည်။ အသက်(၆၄)နှစ်နှင့်အထက် သက်ကြီးရွယ်အိုလူဦးရေ မှာ ကျေးရွာရှိလူဦးရေ၏(၇%) ရှိပြီး ကျန်းမာရေးမှာလည်း အသင့်အတင့် ကောင်းမွန်ကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

လယ်ဝေးမြို့နယ် ၊ ပုံချီကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာ လုပ်ငန်းများ အလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက်လူမှုအဖွဲ့ အစည်းများအကြား ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် လုပ်ငန်းများချိတ်ဆက်ဆောင်ရွက်မှုသည် သင့်တင့် ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူလူထု၏ စည်းလုံးညီညွတ်မှု ၊ ရပ်မိရပ်ဖ များ၏ သြဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင် ထိရောက်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတများဖြစ်သည့် (ဥပမာ- အဖွဲ့အစည်းများ ဆိုင်ရာ သဘောတရားများ)တွင် လိုအပ်ချက်များစွာ ရှိနေပါသေးသည် ။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

လယ်ဝေးမြို့နယ် ၊ ပုံချီကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စု(၆၆)စုရှိပြီး ကျေးရွာရှိ အိမ်ထောင်စု၏(၂၀%)ရှိပါသည်။ ကျေးရွာတွင်လယ်မြေဧက(၂၁၆.၇၅)ကျော်ရှိပြီး စပါးကိုသာအဓိကစိုက်ပျိုးပြီး အခြားစိုက်ပျိုးသီးနှံများအနေဖြင့် မတ်ပဲနှင့်နှမ်းသီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသွင်းအားစုများ၊ နည်းပညာနှင့်ဝန်ဆောင်မှုများ အသင့်အတင့်ရရှိပြီး ဆည်ရေနှင့်သာမက မိုးရေဖြင့်ပါ စိုက်ပျိုးကြပါသည်။ အားသာချက်အနေဖြင့် ဆည်ရေရရှိသောကြောင့် နွေစပါး ၊ မိုးစပါးနှင့်ဆောင်းစပါးဟူ၍ တစ်နှစ်လျှင်(၃)ကြိမ် စပါးစိုက်ပျိုးနိုင်ပါသည် ။ စိုက်ပျိုးမြေဆီလွှာ အသင့်အတင့် ကောင်းမွန်သော်လည်း အထွက်နှုန်းတိုးလိုပါက မြေဩဇာ အများအပြားထည့်ရခြင်းကြောင့် အရင်းအနှီးများခြင်း၊ မျိုးစေ့များ ပြန်လည်ဝယ်ယူချိန်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ရောင်းချသောစျေးနှုန်းနှင့် ပြင်ပ/ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများမှ ရောင်းချသောစျေးနှုန်းများ တူညီသော်လည်း ဝန်ဆောင်မှု မတူညီခြင်းကြောင့် လယ်သမားများမှ ပြင်ပ/ ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများမှ ဝယ်ယူနေမှုများ ရှိကြောင့် တွေ့ရှိရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဇယား(၈) ပုံချီကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

စဉ်	ကျေးရွာ	နွား	ဝက်	ကြက်	ဘဲ	ကျွဲ
၁	ပုံချီ	၃၃	၅၄၄	၁၂၇၅	၃၈	၆၂

လယ်ဝေးမြို့နယ်၊ ပုံချီကျေးရွာတွင် ကျွဲ၊ နွား၊ ဝက်၊ ဘဲနှင့် ကြက်များကို အိမ်ထောင်စုတိုင်း တစ်နိုင်တပိုင် မွေးမြူကြသော်လည်း စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စုတော့ မရှိပါ။ မိရိုးဖလာ နည်းပညာများအတိုင်းမွေးမြူကြခြင်းကြောင့် ဆုံးရှုံးမှုများပြီး အမြတ်ရရှိမှုနည်းခြင်းများဖြင့်ကြုံတွေ့ရပြီး ကောက်ရိုးနှင့်ရိတ်သိမ်းပြီးပဲပင်များကို နွားစာအဖြစ်ပြန်လည် အသုံးပြုကြခြင်းများရှိပါသည်။ မွေးမြူရေးဆိုင်ရာအသိပညာနှင့် နည်းပညာဝန်ဆောင်မှုများ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

လယ်ဝေးမြို့နယ် ၊ ပုံချီကျေးရွာတွင် အိမ်တွင်းမှုဆိုင်ရာ ထုတ်ကုန်လုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ယာဉ်မောင်း ၊ ဆိုင်ကယ်ကယ်ရီ ၊ စျေးဆိုင် ၊ ဆံပင်ရှင်းလင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြပါသည် ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် နည်းပညာဖြန့်ဝေခြင်း

နှင့် အရင်းအနှီးစိုက်ထုတ်လုပ်ကိုင်ခြင်းများဆောင်ရွက်ရန်အတွက် အခက်အခဲများ ရှိနေကြပါသည်။ ကျေးရွာနှင့်မြို့ပေါ်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး၊ လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ခြင်းအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်နေပါသည်။ နယ်မြေလုံခြုံမှုရှိပြီး လွတ်လပ်စွာကူးသန်းသွားလာရောင်းဝယ်နိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေးသွားလာနိုင်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်ဝေးမြို့နယ် ၊ ပုံချီကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများသာ စိုက်ပျိုးရေးဘဏ်မှာ ချေးငွေရရှိနိုင်ပါသည်။ ကျေးရွာတွင် ကျပန်းလုပ်သား ပေါများခြင်းကြောင့် ချေးငွေလိုအပ်မှုမှာ ယေဘုယျအားဖြင့် သင့်တင့်မျှတသော အနေအထားတွင် တည်ရှိနေဆဲဖြစ်ပြီး ကျေးရွာနေပြည်သူအများစုအတွက် သက်သာသောအတိုးနှုန်းဖြင့် မတည်ရန်ပုံငွေထူထောင်းခြင်းလုပ်ငန်းများ လိုအပ်လျက်ရှိပါသည် ။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

လယ်ဝေးမြို့နယ် ၊ ပုံချီကျေးရွာတွင် လယ်ယာထွက်ကုန်များအား ကျေးရွာတွင်း ဝယ်ယူသည့်ဒိုင်များတွင်သာ ရောင်းချကြပါသည်။ ကုန်စိမ်းနှင့်သားငါးများကို သာဝတ္ထိစျေးတွင် အလွယ်တကူဝယ်ယူနိုင်ပြီး၊ နေပြည်တော်စျေးများတွင် အကြီးစားလိုအပ်သည့် ကုန်ပစ္စည်းများကို လွယ်လင့်တကူ သွားရောက်ဝယ်ယူနိုင်ပါသည်။ ကျေးရွာတွင် အသုံးပြုမှု အများဆုံး သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများဖြစ်ပါသည် ။ ကျေးရွာသည် မြို့ရှောင်လမ်းမကြီးအနီးတွင်တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ကောင်းမွန်ပါသည်။ ကျေးရွာရှိ ရွာတွင်းလမ်းများသည် ရိစာလမ်းဖြစ်ပြီး သွားလာရေးတွင် အဆင်ပြေပါသည် ။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

လယ်ဝေးမြို့နယ် ၊ ပုံချီကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြုနေကြသည့် အိမ်ထောင်စုမှာ **(၈၀%)** ရှိပြီး ကျေးရွာတွင်းရှိ တစ်ချို့သောအိမ်ထောင်စုများတွင် လမ်းမီးတိုင်များ မရရှိသည့်အတွက် လျှပ်စစ်မီးမရရှိသေးပါ ။ ကျေးရွာ၏ Transformer သည် ကျေးရွာ၏ လျှပ်စစ်သုံးစွဲအားနှင့် နှိုင်းယှဉ်လျှင် ဗို့အား သေးငယ်ပါသည် ။ ကျေးရွာမီးလင်းရေးကော်မတီ၏ ပြုပြင်ထိန်းသိမ်းမှုစနစ်မှာ စည်းကမ်းရှိပါသည်။

(ဂ) **ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ**

လယ်ဝေးမြို့နယ်၊ ပုံချီကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်လက် နည်းပညာ နှင့် ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း ၊ Radio, TV အများအပြား အသုံးပြု လျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာ သူ/သားများမှာ ကြိုးမဲ့ ဆက်သွယ်ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Telenor, Mytel (၄)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် စျေးကွက်များနှင့် သတင်းအချက် အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့် နည်းပညာ ဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန်လွယ်ကူစွာ ရရှိနိုင်ပါသည်။ သို့သော်လည်း အင်တာနက်လိုင်းဆွဲအား အနည်းငယ်ညံ့ပါသည် ။

၇။ ပညာရေး

လယ်ဝေးမြို့နယ်၊ ပုံချီကျေးရွာရှိ မူလတန်းစာသင်ကျောင်းရှိပြီး အာဟာရတိုက်ကျွေးမှု အစီ အစဉ်မှာ ရံဖန်ရံခါရှိပြီးကျေးရွာတွင် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းရှိပါသည်။ အတန်းပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်နည်းသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များ သောကြောင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်သည့် လူသားအရင်း အမြစ်များပါသည်။ လူငယ်များမှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းနှင့် အသက်မွေးဝမ်းကျောင်း နည်းပညာအားနည်းခြင်းများ ကြောင့် ပြည်ပထွက်ပြီးလုပ်ငန်းလုပ်ဆောင်သူများရှိပါသည် ။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင် တန်းများပို့ချပေးပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ငွေကြေး အရင်း အနှီးများ ပံ့ပိုးကူညီပေးပါက မိသားစုဝင်တိုးပွားလာမည် ဖြစ် ပါသည် ။

၈။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

လယ်ဝေးမြို့နယ် ၊ ပုံချီကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကျန်းမာရေး မကောင်းလျှင်ဖြစ်စေ၊ အရေးပေါ်လူနာများရှိခဲ့လျှင်ဖြစ်စေ ကျေးရွာရှိကျေးလက်ဆေးပေးခန်း နှင့် လယ်ဝေးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးလက်နေ ပြည်သူများသည် ရာသီတုပ်ကွေးရောဂါ ၊ လည်ချောင်းနာရောဂါနှင့် ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါ အနည်းငယ်သာ အများအားဖြင့် ဖြစ်ပွားကြပါသည်။ ဖြစ်ပွားရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ပေး သင့်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ်ရောက်သူတိုင်းအား သတ်မှတ် ကာလများတွင် ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက် ရှိပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

လယ်ဝေးမြို့နယ်၊ ပုံချီကျေးရွာတွင် သောက်သုံးရေကို တွင်းနက်များ၊ လက်နှိပ် တုံကင် တွင်းများဖြင့် သုံးစွဲကြပြီး၊ ရေကိုရေစစ်ဖြင့်စစ်၍ သောက်သုံးကြရပါသဖြင့် SDG-6 ရည်မှန်း ချက်အရ သန့်စင်သောသောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ ရေသန့် စက်ရုံမှ ရေသန့် ဝယ်ယူသောက်သုံးသူများလည်း အနည်းငယ်ရှိကြပါသည်။ မြေအောက်ရေ အနက်ပေ(၂၀၀)အထက် တူးဖော်ထားသည့် ရေတွင်းများစွာရှိပြီး သန့်ရှင်းသော သောက်သုံး ရေကို ရယူကြပါသည် ။ ကျေးရွာ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ (၈၅%)ရှိပြီး အချို့သော အိမ် ထောင်စုများသည် ခြံဝိုင်းတစ်ခုအတွင်းယင်လုံအိမ်သာကို မျှတသုံးစွဲမှုရှိသည်။ ကျေးရွာသူ / သားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။

၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

လယ်ဝေးမြို့နယ်၊ ပုံချီကျေးရွာတွင် စိုက်ပျိုးမြေဆီလွှာအနေအထားမှာ ကောင်းမွန်သည့် အနေအထားဖြစ်ပါသည်။ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပြီး သီးနှံအထွက်နှုန်း ကောင်း မွန်ပါသည်။ စွန့်ပစ်အမှိုက်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ ၊ ဘူးခွံများကို စနစ်တကျစွန့်ပစ်ရန်အတွက် အမှိုက်ကန်လိုအပ်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိ ပညာပေးလုပ်ငန်းများလည်း မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

လယ်ဝေးမြို့နယ်၊ ပုံချီကျေးရွာသည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် ကျရောက်သော ကျေးရွာဖြစ်သည့်အလျောက် မိုးရာသီတွင် မိုးများခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများရှိသော်လည်း ပျက်ဆီးဆုံးရှုံးမှုမရှိပါ။ လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ် အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုမှာ အဆင်ပြေချောမွေ့လျက်ရှိပါသည်။ မှုခင်း ကျရောက်မှုများကို ကာကွယ်တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

လယ်ဝေးမြို့နယ် ၊ ပုံချီကျေးရွာအတွင်းရှိ မိဘများသည်သားသမီးများကို ပညာသင်ကြားမှု အပိုင်းတွင် ကျားမရေးရာခွဲခြားခြင်းမရှိဘဲ တန်းတူပညာသင်ကြားခွင့် ရှိကြပါသည်။ မိသားစုစားဝတ် နေရေး အခြေအနေပေါ်မူတည်၍ ပညာသင်ကြားခွင့်ကို သက်ရောက်မှုရှိစေပါသည်။ သို့သော်လည်း

ကျောင်းနေရွယ်ကလေးသူငယ်များအားလုံး ကျောင်းနေကြရပါသည် ။ နေ့စားလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းများတွင် ကျားမတန်းတူ အခွင့်အရေးရရှိပါသော်လည်း နေ့စားလုပ်အားခသတ်မှတ်ရာတွင် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခ ရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမ ခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့်နည်းပါးပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာလူမှုရေး နှင့် ဘာသာရေးကိစ္စရပ်များတွင် အမျိုးသမီးများမှ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြပါသည်။

ပျံချီကျေးရွာအုပ်စု၊ ပျံချီကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးခင်မောင်သွင်	ဦးဖိုးဝယ်	ဧ/လဝန(နိုင်)၀၄၃၇၉၇	၅၇	ဥက္ကဋ္ဌ	၀၉၄၂၀၇၃၈၈၉၁	ဘဏ်ငွေသွင်း/ထုတ်
၂။	ဒေါ်ခင်နှင်းနွယ်	ဦးခင်မောင်ကြည်	ဧ/လဝန(နိုင်)	၄၂	အတွင်းရေးမှူး	၀၉၇၅၄၂၇၅၆၆၀	
၃။	ဦးခင်မောင်ကြည်	ဦးလှသိန်း	ဧ/လဝန(နိုင်)၁၂၆၂၇၂	၅၇	ဘဏ္ဍာရေးမှူး	၀၉၇၉၇၉၄၈၃၀	
၄။	ဦးဇေယျာလင်း	ဦးလွင်	ဧ/လဝန(နိုင်)၀၇၅၂၉၃	၃၇	ဝယ်ယူရေးဥက္ကဋ္ဌ	၀၉၄၄၉၁၅၅၇၅	ဘဏ်ငွေသွင်း/ထုတ်
၅။	ဒေါ်သီသီမာ	ဦးသန်းချို	ဧ/လဝန(နိုင်)	၄၄	စာရင်းကိုင်		
၆။	ဦးမောင်စိုး	ဦးလှိုင်	ဧ/လဝန(နိုင်)၀၄၃၅၄၇	၅၁	အဖွဲ့ဝင်	၀၉၇၉၀၉၂၁၅၉၃	ဘဏ်ငွေသွင်း/ထုတ်
၇။	ဒေါ်ဝင်းဝင်းမာ	ဦးလွင်	ဧ/လဝန(နိုင်)၁၈၂၆၅၅	၄၀	အဖွဲ့ဝင်	၀၉၇၉၃၉၆၆၁၅၂	

လယ်ဝေးမြို့နယ်၊ ပုံချီကျေးရွာအုပ်စု၊ ပုံချီကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျောင်းသား/သူများ ကျောင်းတက်သွားလာ ရေးခက်ခဲခြင်း	လမ်းမကောင်းခြင်း	အမာခံမြေသားလမ်းရှိခြင်း	ငွေကြေးအခက်အခဲနှင့် နည်းပညာအခက်အခဲရှိခြင်း	သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	ရွာတွင်းလမ်းနှင့် စက်မှုအထက်တန်းကျောင်းသွားလမ်းအားရိုစာခင်းခြင်း
၂	သုသာန်မြေနေရာ ကျဉ်းခြင်း	သုသန်မြေနေရာ ချဲ့ထွင်နိုင်မှုမရှိခြင်း	မီးသဂြိုလ်စက်ဆောက်ရန်အတွက်မြေနေရာရှိခြင်း	ငွေကြေးအခက်အခဲနှင့် နည်းပညာအခက်အခဲရှိခြင်း	သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	မီးသဂြိုလ်စက်ဆောက်လုပ်ခြင်း
၃	အစည်းအဝေး ၊ သာရေးနာရေး၊ အခမ်းအနားများ ဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်း	စိုက်ပျိုးရေးစင်တာရှိသော်လည်း နေရာကျဉ်းမြောင်းခြင်း၊ တိုးချဲ့မရခြင်း	မြေနေရာရှိခြင်းလုပ်အား ထည့်ဝင်နိုင်ခြင်း	ငွေကြေးအခက်အခဲနှင့် နည်းပညာအခက်အခဲရှိခြင်း	သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း
၄	ရွာတွင်းလျှပ်စစ်မီးအား မလုံလောက်ခြင်း	လျှပ်စစ်သုံးစွဲမှုမြင့်မားခြင်း လက်ရှိထရန်စဖော်မာသည် ကျေးရွာအိမ်ခြေနှင့် မမျှတခြင်း	ကျေးရွာမှ လျှပ်စစ်မီးရန်ပုံငွေအနည်းငယ်ရှိခြင်း၊စိုက်ထုတ်နိုင်ခြင်း	ငွေကြေးအခက်အခဲနှင့် နည်းပညာအခက်အခဲရှိခြင်း	သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	လျှပ်စစ်မီးသွယ်တန်းခြင်း
၅	လယ်ယာထွက်ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင် အခက်ခဲရှိခြင်း	ထွက်ကုန်ပစ္စည်းများ သယ်ယူရန်ကား၊ထော်လာဂျီများ ဝင်ရောက်ရန် အခက်ခဲရှိခြင်း	လမ်းမြေနေရာလျှဒါန်းပေးနိုင်ခြင်း	သက်ဆိုင်ရာလမ်းဘေးဝဲယာတောင်သူများမှ ပူးပေါင်းဆောင်ရွက်နိုင်မှုရှိခြင်း	သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	အဆင့်မြှင့်လယ်ယာဖော်ဆောင်ခြင်း

လယ်ဝေးမြို့နယ် ၊ ပျဉ်ချီကျေးရွာအုပ်စု ၊ ပျဉ်ချီကျေးရွာ
အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈	၂၀၂၈-၂၀၂၉
၁	ရွာတွင်းလမ်းနှင့် စက်မှုအထက်တန်းကျောင်း သွားလမ်းအား ရိုစာခင်းခြင်း	၁	√				
၂	မီးသင်္ဂြိုလ်စက် ဆောက်လုပ်ခြင်း	၂		√	√	√	√
၃	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၃		√	√	√	√
၄	လျှပ်စစ်မီးသွယ်တန်းခြင်း	၄		√	√	√	√
၅	အဆင့်မြှင့်လယ်ယာဖော်ဆောင်ခြင်း	၅		√	√	√	√

နောက်ဆက်တွဲ (၄)

ဦးစားပေးစီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ကျေးရွာ	- ပုံချီကျေးရွာ
ကျေးရွာအုပ်စု	- ပုံချီကျေးရွာအုပ်စု
မြို့နယ်	- လယ်ဝေး
တိုင်းဒေသကြီး / ပြည်နယ်	- ပြည်ထောင်စုနယ်မြေ၊နေပြည်တော်
စီမံချက်အမည် - ကျေးရွာတွင်းလမ်းနှင့် စက်မှုကျောင်းလမ်းသို့ ရိစာခင်းခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ❖ ရွာတွင်းလမ်းမကောင်းခြင်းကြောင့် သွားလာရေးခက်ခဲခြင်း	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပို့ကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ❖ ရွာတွင်းလမ်းဆောင်ရွက်ခြင်းအတွက် ကျေးရွာသူ/သားများ သွားလာရေးလွယ်ကူစေရန် ဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ❖ ကျေးရွာသူ/သားများ သွားလာရေးလွယ်ကူစေရန်။ ❖ ကျေးလက်နေပြည်သူများ ပို့မို့ဖွံ့ဖြိုးလာစေရန်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
❖ ၁၅၀၀,၀၀၀ (ငွေသား) ❖ (လုပ်အား) ❖	❖ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ❖ ကျေးရွာ ❖

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	၁	၂	၃	၄	**ပေါင်း**
ကျေးရွာအဆင့်	၅၉၇	၆၄၅	၁၂၄၂	၅	၁၀၂	၁၉၂	၂၇	၃၂၆
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာဝယ်ယူရေးကော်မတီ
- ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၂၄ ခုနှစ်၊စက်တင်ဘာလ ၁၀ ရက်

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- ကျေးရွာသူ/သားများနှင့် စေတနာရှင်များမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ရပ်မိရပ်များနှင့် ကျေးရွာကော်မတီမှ ဆောင်ရွက်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- ရွာတွင်းလမ်းဂဝံကျောက်ခင်းခြင်းနှင့်ရေသန့်စင်စနစ်အား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးရေကော်မတီမှ ဦးဆောင်၍ လုပ်ဆောင် သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက်လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ပြည်သူများနှင့် လုပ်ငန်းရှင်များထံမှ ဆောင်ရွက် သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၂	၆	၁၈		၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၅	၃၀	၅၅	၁	၂
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆၆	၄၇	၁၁၃		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅၅	၅၅	၁၁၀		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀၃	၄၅၅	၈၅၈	၁	၁
၆၅ နှစ် နှင့်အထက်	သက်ကြီးရွယ်ကြီး	၃၆	၅၂	၈၈		
စုစုပေါင်း		၅၉၇	၆၄၅	၁၂၄၂	၂	၄
စုစုပေါင်း အိမ်ထောင်စု		၃၂၆				

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်များပြားပြီး အလုပ်လုပ်နိုင်သည့်အရွယ်များပြားပြီး (၄)နှစ်အောက် မသန်စွမ်းသူ (၄)ဦးနှင့် အလုပ်လုပ်ကိုင်နိုင်အရွယ် မသန်စွမ်းသူ(၂)ဦး ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၅၇	၅၉	၉	၅၆	၃	၄၅	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း	၉	၉	၁	၈	၁	၇	မြင့် ☐ လတ် ☐ နိမ့် ☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အချိုးသဖီးဦး ဆောင်သည့် အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေ ရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၆	၁၇	၅	၁၂	၅	၁၂	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐
	အလုပ်သမား / ဝန်ထမ်း							နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အချိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
	ကိုယ်ပိုင် လုပ်ငန်း	၅	၅	၁	၅		၂	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၆၃	၆၄	၂	၆၄		၃၆	မြင့် ☐ လတ် ☐ နိမ့် ☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		၁		၁	မြင့် ☐ လတ် ☐ နိမ့် ☑
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၁	၁	၁	၂	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၁	၁			၁	၁	မြင့် ☐ လတ် ☐ နိမ့် ☑
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂၃	၂၄	၃	၂၀	၄	၁၂	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၃	၃		၂	၁	၁	မြင့် ☐ လတ် ☐ နိမ့် ☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၆		၆		၄	မြင့် ☐ လတ် ☐ နိမ့် ☑
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အချိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၃	၁	၃		၁	မြင့် ☐ လတ် ☐ နိမ့် ☑
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၁	၁၁	၃	၉	၂	၈	မြင့် ☐ လတ် ☐ နိမ့် ☑
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အချိုးသဖီးဦး ဆောင်သည့် အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေ ရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		၂			မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၈၁	၉၀	၁၈	၆၈	၂၂	၄၃	မြင့် ☐ လတ် ☐ နိမ့် ☑
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၅	၁	၁	၄	၄	မြင့် ☐ လတ် ☐ နိမ့် ☑
	စုစုပေါင်း				☒			

လေ့လာတွေ့ရှိချက်။ ။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ အသင့်အတင့်ရှိပြီး မြေယာမဲ့ အိမ်ထောင်စုများသည် အငှားလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်း၊ ဝန်ထမ်းများ ၊ ကျပန်းလုပ်ငန်းကိုင်သူများပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၁၀၀၀၀	၈၀၀၀	၈၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၈၀၀၀	၈၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

လေ့လာတွေ့ရှိချက်။ ။လုပ်အားခ သတ်မှတ်ရာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် တန်းတူညီမှုရှိသော်လည်း ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် ကျွမ်းကျင်မှု အပေါ်မူတည်၍ ကျား/မ တန်းတူညီမျှမှု မရှိပါ ။

(က) သဘာဝရင်းမြစ်များ

(က-ခ) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၁၇၂.၂၅	ကောင်း ☐ သင့် ☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၂.၅	ကောင်း ☐ သင့် ☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၂	ကောင်း ☐ သင့် ☑ ညံ့ ☐
ကိုင်း / ကျွန်းမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ဓနိတောမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၂၁၆.၇၅	☒

လေ့လာတွေ့ရှိချက်။ ။လယ်ယာ စိုက်ပျိုးရေးမှာ အဓိကစီးပွားရေး ဖြစ်သည်။ မိုးစပါး၊ နွေးစပါး ၊ မတ်ပဲ အဓိကစိုက်ပျိုးကြသည်။ယာမြေနှင့် ဥယျာဉ်ခြံလုပ်ကိုင်မှု အနည်းငယ်ရှိသည်။ ယခင်က မြေဩကောင်း၍ ယခုအခါ အသင့်အတင့်သာကောင်းမွန်ကြောင်း တွေ့ရသည်။ ပေါင်းလောင်း

ဆည်မှ ရေရရှိသောကြောင့် နွေစပါးပါ စိုက်ပျိုးနိုင်သည်။ ဓါတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်း (ပေါင်းမှိုပိုး) သတ်ဆေးများ စည်းကမ်းမဲ့စွာ သုံးစွဲနေခြင်းကြောင့် နောင်အခါတွင် မြေအရည်အသွေး ညံ့သွားမည်ကိုစိုးရိမ်ရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု	အသုံးချနိုင်မှု	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ
သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐		လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☑ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးရှိတောင်မှ ရိစာအသင့်အတင့်ထုတ်ယူရရှိနိုင်ပြီး ပေါင်းလောင်းဆည်မှ ရေရရှိသောကြောင့် သဘာဝအရင်းအမြစ်များအား ယခင်ကထက် တိုးပွား၍ ရရှိလာပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေ သော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	သင့်	-	-
အိမ်အခြေအနေ	RC တိုက် ၊ အုတ်(၂)ထပ်	ပျဉ်ထောင်/ သွပ်မိုး	သွပ်မိုး/ထရံကာ	သွပ်မိုး/ထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	လယ်ယာထွက် ကုန်	မွေးမြူရေး ထွက်ကုန်	-	-
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်/မွေး	ကျပန်း	ကျပန်း
အိမ်ထောင်စု	၅	၁၀၂	၁၉၂	၂၇

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျပန်းလုပ်ကိုင်သူများပြားပြီး လယ်သမားများ အသင့်အတင့်ရှိသည်။ လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ၊ ဆံပင်ကျွတ်ရှင်းလင်းခြင်းလုပ်ငန်း လုပ်ကိုင်သူများရှိသည်။ မပြေလည်သော အိမ်ထောင်စုများရှိသည်။ အလုပ်အကိုင်ရှားပါသည်။ မြို့ကြီးပြကြီးများတွင် သွားရောက်လုပ်ကိုင်ကြသည်။ အဓိကစီးပွားရေးကို တိုးတက်အောင် ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၀	၁	အခြားအစာပြောင်းလဲစား = အစာလျှော့စား = ၆ အထောက်အပံ့ယူ = ချေးယူ = ၄ လုပ်အားခကြိုယူ =
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၃		အခြားအစာပြောင်းလဲစား = အစာလျှော့စား = ၁ အထောက်အပံ့ယူ = ချေးယူ = ၂ လုပ်အားခကြိုယူ =
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၇	၂	အခြားအစာပြောင်းလဲစား = အစာလျှော့စား = ၁ အထောက်အပံ့ယူ = ချေးယူ = ၆ လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဝမ်းစာဖူလုံမှု ရှိသည့် အိမ်ထောင်စု အနည်းငယ်သာ ရှိပြီး အများစုသည် အစားအစာလျှော့စားခြင်းနှင့် ချေးယူခြင်းများ ဆောင်ရွက်ရကြောင်းကိုတွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခင် နစ်နှင့်အထက်		၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၄		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

လေ့လာတွေ့ရှိချက်။ ။ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအခြေအနေတွင် အသက် (၆၄) နှစ်အထက် အိမ်ထောင်စု(၁)စု၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု(၄)စု၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု(၂)စု ရှိပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
မြစ်ရေကြီးမှု	☐	☐	☐	☐	☐	☐
လျှပ်တပြတ်ရေကြီးခြင်း	☐	☐	☐	☐	☐	☐
မုန်တိုင်းဒီရေ	☐	☐	☐	☐	☐	☐
ဆူနာမီ	☐	☐	☐	☐	☐	☐
တိုင်ဖုန်းမုန်တိုင်း	☐	☐	☐	☐	☐	☐
လေဆင်နှာမောင်း	☐	☐	☐	☐	☐	☐
ငလျင်	☐	☐	☐	☐	☐	☐
အပူလှိုင်း	☐	☐	☐	☐	☐	☐
စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	☐	☐	☐	☐	☐	☐
အအေးလှိုင်း	☐	☐	☐	☐	☐	☐

မိုးသီးကြွေကျမှု	☐	☐	☐	☐	☐	☐
မိုးခေါင်ခြင်း	☑	☐	☐	☑	☐	☐
တောမီးလောင်ခြင်း	☐	☐	☐	☐	☐	☐
မြစ်ကမ်းပါးပြိုခြင်း	☐	☐	☐	☐	☐	☐
ကမ်းရိုးတန်းတိုက်စားမှု	☐	☐	☐	☐	☐	☐
မြေပြိုခြင်း	☐	☐	☐	☐	☐	☐
လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ						
စားနပ်ရိက္ခာမဖူလုံမှု	☐	☐	☐	☐	☐	☐
သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	☐	☐	☐	☐	☐	☐
မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	☐	☐	☐	☐	☐	☐
သစ်တောပြုန်းတီးခြင်း	☐	☐	☐	☐	☐	☐
ငှက်ဖျားရောဂါ	☐	☐	☐	☐	☐	☐
တီဘီရောဂါ	☑	☐	☐	☑	☐	☐
ကိုယ်ခံအားကျဆင်းမှုရောဂါ	☐	☐	☐	☐	☐	☐
ကပ်ရောဂါ	☐	☐	☐	☐	☐	☐
ပြည်တွင်းပဋိပက္ခ	☐	☐	☐	☐	☐	☐
တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	☑	☐	☐	☐	☑	☐
လူကုန်ကူးခြင်း	☐	☐	☐	☐	☐	☐
ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	☐	☐	☐	☐	☐	☐

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဘေးအန္တရာယ်ကျရောက်မှုအနေဖြင့် ကြီးမားသည့် ထိခိုက်မှုမရှိသော်လည်း ရံဖန်ရံခါ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊နွေရာသီတွင် အပူရှိန်မြင့်မားမှု ကြုံရခြင်း၊ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု အနည်းငယ်ရှိသည်။တိဘီရောဂါဖြစ်ပွားမှု အနည်းငယ်ရှိသော်လည်း ကျန်းမာရေးဌာနမှ ကုသစောင့်ရှောက်မှု ရှိပါသည် ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
လူငယ်	☐	☐	☐	☐	☐	☐
အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	☑	☐	☐	☑	☐	☐
ဆင်းရဲသားတောင်သူ	☑	☐	☐	☑	☐	☐
သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	☐	☐	☐	☐	☐	☐
ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	☐	☐	☐	☐	☐	☐
မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	☐	☐	☐	☐	☐	☐
ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP)	☐	☐	☐	☐	☐	☐
မြေနိမ့်ပိုင်းနေထိုင်သူများ	☐	☐	☐	☐	☐	☐

ငါးကန်ပိုင်ရှင်များ	☐	☐	☐	☐	☐	☐
လက်လုပ်လက်စားများ၊ကျပန်းများ	☐	☐	☑	☑	☐	☐
လူနည်းစုလူမျိုးများ	☐	☐	☐	☐	☐	☐
ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	☐	☐	☐	☐	☐	☐
နယ်စပ်ဒေသတွင်နေထိုင်သူများ	☐	☐	☐	☐	☐	☐
ရွှေတွင်းလုပ်သားများ	☐	☐	☐	☐	☐	☐
လှည့်လည်သွားလာ၍စျေးရောင်းသူများ	☑	☐	☐	☑	☐	☐
နေရပ်ပြန်အခြေချသူများ	☐	☐	☐	☐	☐	☐
ရွှေ့ပြောင်းလုပ်သားများ	☐	☑	☐	☑	☐	☐
ကားမောင်းပြီးအသက်မွေးသူများ	☐	☐	☐	☐	☐	☐

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သူများများအနေဖြင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများနှင့် ဆင်းရဲသားတောင်သူ၊ လှည့်လည်၍ စျေးရောင်းသူ အနည်းငယ်ရှိပြီး ကျေးရွာမှ အခြား ဒေသများသို့ အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေးအတွက် ရွှေ့ပြောင်းသွားလာသူမှာ အသင့်အတင့်များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။ဂင်းတို့အတွက် ထိခိုက်မှု လျော့နည်းစေရေး အစီအမံ ဆောင်ရွက်နိုင်မှု အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖအဖွဲ့	☑ ☐ ☐	၁၀	၅	၁၅	☑ ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး	☑ကောင်း ☐ သင့် ☐ ညံ့
၂	လမ်းကော်မတီ	☐ ☑ ☐	၅		၅	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	☑ကောင်း သင့် ☐ ညံ့
၃	မီးလင်းရေးကော်မတီ	☐ ☑ ☐	၅		၅	☐ပညာရေး ☐ငွေကြေး ☐ကျန်းမာရေး ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး	☑ကောင်း ☐ သင့် ☐ ညံ့
၄	ပရဟိတအဖွဲ့	☐ ☑ ☐	၈		၈	☑ ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး	☑ ကောင်း ☐သင့် ☐ ညံ့
၅	စည်ပင်သာယာရေးအဖွဲ့	☐ ☑ ☐	၇	၅	၁၂	ပညာရေး ငွေကြေး ကျန်းမာရေး	☐ ကောင်း ☑ သင့် ☐ ညံ့

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						ဘာသာရေး စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	
၆	ကျောင်းကော်မတီ	☐ ☑ ☐	၇		၇	☑ ပညာရေး ဌေးကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	☑ ကောင်း ☐သင့် ☐ ညံ့
၇	အဖြူရောင်နှလုံးသားသွေးလှူရှင်အသင်း	☐ ☑ ☐	၂၀	၁၀	၃၀	ပညာရေး ဌေးကြေး ☑ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့
၈	ဓမ္မစကူးလ်	☐ ☐ ☑	၁	၅	၆	ပညာရေး ဌေးကြေး ☑ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့၊ ပရဟိတအဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာများတွင် အများဆုံးပါဝင်ဆောင်ရွက်ကြပြီး ကျန်အဖွဲ့များသည် သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	စတာပါနာ	၁☐ ၂☑ ၃☐ ၄ ☐၅☐ ၆ ☐၇☐	☑ပညာရေး ☑ ဌေးကြေး ☑ကျန်းမာရေး ☑ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၂	CBC	၁☐ ၂ ☑၃☐ ၄ ☐၅☐ ၆ ☐၇☐	☐ပညာရေး ☑ဌေးကြေး ☐ကျန်းမာရေး ☐ဘာသာရေး ☑စိုက်ပျိုးမွေးမြူရေး ☑သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၃	JP	၁☐ ၂☑ ၃☐ ၄ ☐၅☐ ၆ ☐၇☐	☐ပညာရေး ☐ဌေးကြေး ☐ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ,

UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ပြင်ပဌေကြေးထုတ်ချေးသည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်မှုများရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၆၀	၃၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၈	၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃၀	၃	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၈	၁	တောင်သူလတ်
၅	၁၂.၅ ဧက အထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၃၂၆	၄၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ မြေယာမဲ့တောင်သူများပြားပြီး လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိသည့် အိမ်ထောင်စုများလည်းရှိသည်။မြေယာမဲ့တောင်သူများတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၁၄%)ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

အရင်းအမြစ်	ရေသောက် (ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကို သာရွေးရန်)

ဆည်		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☑မဖြေဆိုပါ	☐ရှိ ☐မရှိ ☑မဖြေဆိုပါ	☐လျော့ ☐တိုး ☑အပြောင်းအလဲမရှိ
ရေလွှဲဆည်		☑တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☑ တိုး အပြောင်းအလဲမရှိ
မြစ်ရေတင်		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☑မဖြေဆိုပါ	☐ရှိ ☐မရှိ ☑မဖြေဆိုပါ	☐လျော့ ☐တိုး ☑အပြောင်းအလဲမရှိ
ရေသွင်း မြောင်း	၂၀၀	☑တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☑ တိုး အပြောင်းအလဲမရှိ
အဝိစိတွင်း	၁၆.၇၅	☑တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☑ တိုး အပြောင်းအလဲမရှိ
လက်ငင်ရေ တွင်း		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☑မဖြေဆိုပါ	☐ရှိ ☐မရှိ ☑မဖြေဆိုပါ	☐လျော့ ☐တိုး ☑အပြောင်းအလဲမရှိ
စိမ့်စမ်းရေ		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☑မဖြေဆိုပါ	☐ရှိ ☐မရှိ ☑မဖြေဆိုပါ	☐လျော့ ☐တိုး ☑အပြောင်းအလဲမရှိ
ချောင်းရေ		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☑မဖြေဆိုပါ	☐ရှိ ☐မရှိ ☑မဖြေဆိုပါ	☐လျော့ ☐တိုး ☑အပြောင်းအလဲမရှိ

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ရေအရင်းအမြစ်အား ပေါင်းလောင်းဆည်၏ ရေသွင်းမြောင်းမှ ရရှိပြီး အဝိစိတွင်းများမှထုတ်ယူသုံးစွဲမှုများလည်းရှိပါသည်။စိုက်ပျိုးရေအား တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိပြီး လက်ရှိသုံးစွဲမှုသည် လွန်ခဲ့သောနှစ်များထက် ပိုတိုးလာကြောင်း လေ့လာ

တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက် လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၇၂	တင်း	၈၀	၁၂၀	၁၀၀	မေ စက်တင်ဘာ	ဩဂုတ် ဒီဇင်ဘာ	☑ မြင့် ☐ လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☑ မြင့် ☐ လတ် ☐ နိမ့်
မတ်ပဲ	၁၇၂	တင်း	၇	၁၀	၈	ဇန်နဝါရီ	မတ်	☑ မြင့် ☐ လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☑ မြင့် ☐ လတ် ☐ နိမ့်
နှမ်း	၄၄	တင်း	၇	၁၀	၈.၅	မေ	ဩဂုတ်	☑ မြင့် ☐ လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☑ မြင့် ☐ လတ် ☐ နိမ့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးစပါးနှင့်နွေစပါး(၂)သီးစိုက်ပျိုးကြပြီး မိုးစပါးအား မေလမှ ဩဂုတ်လအထိလည်းကောင်း နွေစပါးအား စက်တင်ဘာလမှ ဒီဇင်ဘာလအထိလည်းကောင်း စိုက်ပျိုးကြပါသည်။မတ်ပဲအား ဇန်နဝါရီလမှ မတ်လထိ စိုက်ပျိုးကြပြီး နှမ်းအား မေလမှ ဩဂုတ်လအထိ သီးနှံများအားလုံး အထွက်နှုန်း အသင့်အတင့်ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

